www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၇၆)

# မောရသုတ်အနှစ်ချုပ်

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

**အောင်ဓမ္မ ပုံနှိပ်လုပ်ငန်း**
**အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၅၁၈၉၄၃၂၊ ၀၉-၇၉၅ ၂၅၂ ၆၈၂**

www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဓဇဂ္ဂသုတ် အနှစ်ချုပ်

www.dhammadownload.com

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

www.dhammadownload.com

# ဓဇဂ္ဂသုတ် အနှစ်ချုပ်

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၅၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်၊ ၂၂-၆-၂၀၁၃ (စနေနေ့)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံ ကျောင်းတိုက်၊ ဘောဇနမဏ္ဍပ်ရှိ ဆွမ်းစားကျောင်းဆောင်ကြီး အတွင်း၌ ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ကျောင်းဒါယကာ **ဦးတင်အေး** + ကျောင်းဒါယိကာမ **ဒေါ်တင်ကြည်၊ သိန်းထိုက်အောင်** ဆန်ရောင်းဝယ်ရေး မိသားစုတို့၏ ဘောဇန မဏ္ဍပ်ရှိ ဆွမ်းစားကျောင်းဆောင်ကြီး ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ် ကျောင်းလှူတတ်ပူဇော်ပွဲမင်္ဂလာအဖြစ်ဖြင့် ဆင်ယင် ကျင်းပသည့် ဓမ္မသဘင်အခမ်းအနားဝယ် ဟောကြားအပ်သော "**ဓဇဂ္ဂသုတ် အနှစ်ချုပ်**" တရားဒေသနာတော်။

မြန်မာနိုင်ငံမှာ ရှင်ငယ် ကျောင်းသားငယ်တွေ ကျက်မှတ်ကြရတဲ့ ပရိတ်ကြီး (၁၁)သုတ်ထဲမှာ အပါ အဝင်ဖြစ်တဲ့ **ဓဇဂ္ဂသုတ်** ရဲ့ လိုရင်းအနှစ်ချုပ်ကို ဟောပါမယ်။ **ဓဇဂ္ဂ**ဆိုတာ အလံထိပ်ဖျားလို့ အဓိပ္ပါယ်

www.dhammadownload.com



ရတယ်။ **ဓဇ** ဆိုတာ အလံတံခွန်ကို ခေါ်တယ်၊ **အဂ္ဂ** ဆိုတာ ထိပ်ဖြား၊ အောင်လံထိပ်ဖျားကို **ဓဇဂ္ဂ** လို့ ခေါ်တာ။

ဓဇဂ္ဂသုတ်မှာ ဆင်တူယိုးမှားတွေ များသဖြင့် မှတ်မိဖို့ခက်လို့ ရှင်ငယ်တွေ ဓဇဂ္ဂသုတ်ကို ကျက်ရပြီ ဆိုရင် ရောထွေးကုန်တတ်တယ်။ ဓဇဂ္ဂသုတ်ရောက်ရင် ရှင်ငယ်တွေ ကျောင်းက ထွက်ပြေးတတ်ကြတယ်။ ဒါ့ကြောင့် **"ဓါးဖျက် ဝါးမြက်၊ ရှင်ဖျက် ဓဇဂ်"** လို့ ရှေးကပြောလာတာ။

သို့သော်လည်း ဆင်တူယိုးမှားတွေကို သတိထား မှတ်လိုက်မယ်ဆိုရင် ဓဇဂ္ဂသုတ်ဟာ အလွယ်ဆုံးသုတ် လို့တောင် ပြောရမယ်။ ရတနသုတ်တို့ကတော့ ဂါထာ တွေဆိုတော့ အစဉ်မှတ်မိဖို့ ပိုခက်တယ်၊ ဓဇဂ္ဂသုတ် ကတော့ ပုံစံဆင်ဆင်လေးတွေဖြစ်လို့ စာတစ်ကြောင်း ကျက်လိုက်တာနဲ့ လေးငါးကြောင်း ရနိုင်တယ်။ အဲဒါကို မမှတ်နိုင်ရင် လုံးထွေးနေသည့်အတွက် ရှင်ငယ်တွေအဖို့ ခက်ခဲတယ်။

www.dhammadownload.com



"အောင်လံတော် ထိပ်ဖြား" အမည်ပေါ်ရတဲ့ မင်္ဂလသုတ်ဟာ သက္ကသံယုတ်မှာ မြတ်စွာဘုရားက ဟောကြားခဲ့တဲ့ သုတ္တန်တစ်ခုပဲ။ ဘေးရန်အန္တရာယ်တွေကို ကာကွယ်စောင့်ရှောက်လို့ မင်္ဂလသုတ်ရဲ့ အစွမ်းအာနုဘော်ဟာ အင်မတန်မှ ကြီးမားတယ်။

မင်္ဂလသုတ်ကို ရွတ်ချင်ဖတ်ချင်အောင် မင်္ဂလသုတ်ရဲ့ အကျိုးကျေးဇူးတွေကို ရှေ့ပိုင်းမှာ အဋ္ဌကထာဖွင့်ထားတဲ့အတိုင်း ဂါထာစီထားတာ၊ မင်္ဂလသုတ်ရဖူးတဲ့ပုဂ္ဂိုလ်တိုင်း မင်္ဂလသုတ်ရဲ့ အစွမ်းတန်ခိုးကို သိကြမယ်။

လောကမှာ မန္တန်တို့ဆိုတာတွေမှာလည်း အစွမ်းတန်ခိုးရှိတယ်လို့ လူတွေက ယုံကြည်ကြတယ်။ လက်ဖွဲ့တို့၊ ဓါတ်လုံးတို့ ဆိုတာလည်း အစွမ်းတန်ခိုးရှိတယ်လို့ ယုံကြည်ကြတယ်။ သို့သော် အဲဒါတွေထက် ပိုပြီးတော့ အစွမ်းတန်ခိုးထက်တာက မြတ်စွာဘုရားရဲ့ ပရိတ်တရားတော်တွေပဲ ဖြစ်တယ်။

www.dhammadownload.com



**ပရိတ္တ** လို့ဆိုတာ ဘေးရန် အန္တရာယ်တွေက ကာကွယ်စောင့်ရှောက်တဲ့ ကျင့်စဉ်နဲ့ ဒေသနာတော် တစ်ရပ်ဖြစ်တယ်။ **ပရိတ္တ** ဆိုတဲ့ ဒေသနာတော်တွေကို မြတ်စွာဘုရားဟောတဲ့အခါ မေတ္တာတရား၊ သစ္စာစကား ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်ဆိုတာ ဒါတွေကို ဦးတည်ပြီးတော့ ဟောကြားတာဖြစ်တယ်။

လောကမှာ အန္တရာယ်နဲ့ ကြုံတွေ့လာတဲ့အခါ မေတ္တာပွားပြီးတော့ အန္တရာယ်က ရှောင်လွှဲလို့ရတယ်။ သစ္စာစကား ဆိုပြီးတော့လည်း အန္တရာယ်က ရှောင်လွှဲ လို့ ရတယ်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်လို့ ဆိုတဲ့ ရတနာသုံးပါးဂုဏ်ကို အာရုံပြုပြီးတော့လည်းပဲ အန္တရာယ်က ရှောင်လွှဲလို့ရတယ်၊ ကာကွယ်လို့ရတယ်။

ရတနသုတ်မှာ သစ္စာဆိုတယ်၊ ဝဋ္ဋသုတ်မှာ သစ္စာ ဆိုတယ်၊ မေတ္တသုတ်မှာ မေတ္တာကို ဦးတည်ပြောတယ်၊ ခန္ဓသုတ်မှာလည်း မေတ္တာကို ဦးတည်တယ်၊ အခု ဓဇဂ္ဂ သုတ်မှာ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်ကို ဦးတည်

www.dhammadownload.com



ပြီးတော့ ဘေးရန်အန္တရာယ် မကျရောက်အောင် ကာကွယ်စောင့်ရှောက်တဲ့ နည်းစနစ်ကို မြတ်စွာဘုရား ဟောထားတာ ဖြစ်တယ်။

လောကမှာ မြင်ရတဲ့အန္တရာယ်လို့ဆိုရင် ကြည့်ရှောင်လို့ရသော်လည်း မမြင်ရတဲ့အန္တရာယ် ကြုံလာပြီဆိုရင်တော့ အန္တရာယ်ကာကွယ်ဖို့ လိုအပ်လာတယ်ပေါ့။ မှန်ကန်တဲ့နည်းနဲ့ အန္တရာယ်တွေကို ကာကွယ်ဖို့အတွက် မြတ်စွာဘုရားဟာ ပရိတ်တရားတော်တွေကို ဟောကြားတော်မူခဲ့တာဖြစ်တယ်။

အဲဒီတော့ ဓဇဂ္ဂသုတ်က ဘယ်လို အန္တရာယ်တွေကို ကာကွယ်ပေးနိုင်သလဲဆိုတာ အဋ္ဌကထာဆရာဖွင့်ထားတဲ့အတိုင်း မြန်မာပရိတ်ကြီးတွေမှာ ရှေးဆရာတွေက အဖွင့်ဂါထာ စီကုံးပြီးတော့ ဓဇဂ္ဂသုတ် အစမှာ ဖော်ပြကြတယ်။

www.dhammadownload.com



"ယဿာ' နုဿရဏေနာပိ၊
အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ' မဓိဂစ္ဆန္တိ၊
ဘူမိယံ ဝိယ သဗ္ဗထာ။"

"ဟောဒီ ဇေဂ္ဂသုတ်ကို သတိရရုံလေးနဲ့တင်ပဲ ကောင်းကင်မှာတောင်မှ ထောက်တည်ရာ ရနိုင်ပါတယ်။" ကောင်းကင်ဆိုတာ ထောက်တည်ရာ ရှိမှ မရှိတာလေ။ "မြေကြီးပေါ်မှာ ရပ်တည်ရာရသလိုပဲ ကောင်းကင်ပြင်မှာ ရပ်တည်ရာ ရနိုင်ပါတယ်"။

မတော်တဆ အမြင့်ကလိမ့်ကျလာတဲ့ အန္တရာယ် ကြုံလာလို့ရှိရင် ဟောဒီ ဇေဂ္ဂသုတ်ကို အမှတ်ရလိုက်တာနဲ့ တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်ဟာ အောက်ထိအောင် မကျဘူးတဲ့။ အန္တရာယ် ကာကွယ်ပြီးသား ဖြစ်သွားတယ်လို့ ဒီလိုဆိုတာ။ အဲဒီတော့ လေယာဉ်ပျံနဲ့ ခရီးသွားတဲ့ပုဂ္ဂိုလ်တွေလည်း ဇေဂ္ဂသုတ်ကို ရွတ်ပွားသွားသင့်တာပေ့ါ။ ကောင်းကင်ကနေ ခရီးသွားတဲ့ပုဂ္ဂိုလ်

www.dhammadownload.com



တွေ ဓဇဂ္ဂသုတ်ကို အာရုံပြုထိုက်တယ်၊ ရွတ်ဖတ်ထိုက်တယ်ပေါ့။

သီဟိုဠ်ကျွန်းမှာ **ဒီဃဝါပိ** ဆိုတဲ့ စေတီတော်ကြီးတစ်ဆူ ရှိတယ်။ အဲဒီ စေတီတော်ကြီးကို သန့်ရှင်းရေးလုပ်တယ်၊ စေတီပေါ်တက်ပြီး ထုံးသင်္ကန်း ကပ်တယ်ပေါ့။ အဲဒီလို ကပ်သည့်အခါ ရဟန်းတော်လေးတစ်ပါးဟာ စေတီထိပ်ကနေ ခြေချော်လက်ချော်နဲ့ အောက်လျှောကျလာတယ်၊ အောက်က ရဟန်းတွေက လှမ်းပြီးအော်ကြတယ် "ဓဇဂ္ဂသုတ်ကို အာရုံပြုလိုက်၊ ဓဇဂ္ဂသုတ်ကို အာရုံပြုလိုက်"လို့။

အဲဒီကိုယ်တော်က "**ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု**– ဓဇဂ္ဂပရိတ်သည် ကျွန်ုပ်ကိုစောင့်ရှောက်ပါစေ"လို့လည်း ဆိုလိုက်ရော စေတီထဲကအုတ်ချပ်ကြီးနှစ်ချပ် ထွက်လာပြီး ဒီကိုယ်တော်ရဲ့ ခြေထောက်အောက်မှာ ခံပေးပြီးသား ဖြစ်သွားတယ်။ ဘုရားပေါ်ကနေ လိမ့်ကျလာတဲ့ ပုဂ္ဂိုလ်တောင်မှပဲ ဘုရားထဲက အုတ်ချပ်နှစ်ခုက

www.dhammadownload.com



ခြေထောက်အောက်က လာခံသည့်အတွက်ကြောင့် သူဟာ စေတီပေါ်က လိမ့်ကျပြီး အသက်ဆုံးရှုံးခြင်းမှ လွတ်မြောက်သွားတယ်။

အဲဒါကို ရည်ရွယ်ပြီး **"ယဿာ' နုဿရဏေ-နာပိ"** လို့ ဆိုတာ **အနုဿရဏ** ဆိုတာ အမှတ်ရတာ အောက်မေ့တာ။ ဒီဓဇဂ္ဂသုတ်ကို အမှတ်ရရုံနဲ့ဆိုတာ ရွတ်ဖတ်သရဇ္ဈာယ်တာ မဟုတ်ဘူး၊ ဓဇဂ္ဂသုတ်ကို အမှတ်ရရုံလေးနဲ့ပဲ မြေပြင်မှာလို ကောင်းကင်မှာ ရပ်တည်ရာတစ်ခုကို ရသွားနိုင်ပါတယ်တဲ့။ အမြင့်တက်တဲ့ ပုဂ္ဂိုလ်တိုင်း ဓဇဂ္ဂသုတ်ကို အမှတ်ရမယ်ဆိုရင် အမြင့်ကနေ လိမ့်ကျမယ့်အန္တရာယ်ကို ကာကွယ်ပေးတယ်၊ ဒါတင်လားဆိုတော့ မကဘူး။

**"သဗ္ဗုပဒ္ဒဝဇာလမှာ၊**
**ယက္ခစောရာဒိ သမ္ဘဝါ"**

ဘီလူးကြောင့်ဖြစ်တဲ့ အန္တရာယ်ပဲဖြစ်စေ၊ သူခိုးဓားပြရဲ့ အန္တရာယ်ပဲဖြစ်စေ၊ ဖြစ်ပေါ်လာတဲ့ ဘေးရန်

www.dhammadownload.com



အန္တရာယ် အနှောင့်အယှက်တွေမှလည်း လွတ်နိုင်တယ်၊ အဲဒီလို လွတ်သွားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အရေအတွက် ဆိုတာ များပြားတယ်။ ဘယ်နှစ်ဦးတော့ လွတ်သွား တယ်၊ ဘယ်နှစ်ဦးတော့ မလွတ်ဘူးဆိုတာ မရှိဘူးတဲ့။ လွတ်မြောက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိတယ်လို့ ဆိုလိုတာပေါ့။

ထောင်ကျနေတဲ့ ပုဂ္ဂိုလ်တွေလည်း ဓဇဂ္ဂသုတ်ကို နေ့တိုင်းရွတ်၊ ထောင်က မြန်မြန်လွတ်မယ်။ အချုပ် အနှောင် ခံထားရတဲ့ပုဂ္ဂိုလ်တွေ ဓဇဂ္ဂသုတ်ကို နေ့စဉ် ရွတ်၊ အချုပ်အနှောင်ကနေ လွတ်မယ်။ အဲဒါကြောင့် ယုံယုံကြည်ကြည်နဲ့ ဓဇဂ္ဂသုတ်ကို အမှတ်ရပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ်မယ် (သို့မဟုတ်) ဓဇဂ္ဂသုတ်မှာပါတဲ့ အတိုင်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်ကို အာရုံ ပြုမယ် ဆိုလို့ရှိရင် ဘေးရန် အန္တရာယ်တွေက လွတ်မြောက်နိုင်တာ သေချာတယ်။

www.dhammadownload.com



မြတ်စွာဘုရားဟောတဲ့ ပရိတ်တရားတော်တွေရဲ့ အစွမ်းတန်ခိုးဟာ ဘယ်အတိုင်းအတာထိအောင် ပျံ့နှံ့သလဲလို့ဆိုရင် စကြဝဠာ ကုဋေတစ်သိန်းထိအောင် ပျံ့နှံ့တယ်။ ရတနသုတ်မှာ ပါတဲ့အတိုင်း -

**"ကောဋိသတသဟဿေသု**

**စက္ကဝါဠေသု ဒေဝတာ**

**ယဿာဏံ ပဋိဂ္ဂဏှန္တိ"**

မြတ်စွာဘုရားရဲ့ ပရိတ်အစွမ်းတန်ခိုးကို စကြဝဠာ ကုဋေတစ်သိန်းမှာရှိတဲ့ နတ်တွေက ခံယူကြတယ်၊ နယ်ပယ်အားဖြင့် စကြဝဠာကုဋေတစ်သိန်းထိအောင် ပရိတ်တရားတော်ရဲ့ တန်ခိုးတော်ဟာ ပျံ့နှံ့နေတယ်။ အဲဒီတော့ ဒီ စကြဝဠာတင် မကဘူး၊ စကြဝဠာ အနန္တလို့ဆိုတဲ့အတိုင်း စကြဝဠာ ကုဋေတစ်သိန်းထိအောင် ဗုဒ္ဓတရားတော်တွေရဲ့ အစွမ်းတန်ခိုးဟာ ပျံ့နှံ့နေတာဖြစ်တယ်။ ဘယ်နေရာရောက်ရောက်၊ ဘယ်ဒေသရောက်ရောက် ဓဇဂ္ဂသုတ်ရဲ့ကျင့်စဉ်နဲ့ ဟောကြားထား

www.dhammadownload.com



တဲ့ ဒေသနာတော်တွေကို သတိရပြီးတော့ ရွတ်ဖတ်ပွားများမယ်၊ သရဇ္ဈာယ်မယ်ဆိုလို့ရှိရင် အကျိုးကျေးဇူးကို လက်တွေ့ခံစားကြရမှာဖြစ်တယ်။

"**ပရိတ္တံ တံ ဘဏာမ ဟေ**– ဒီပရိတ်တရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြပါစို့"လို့ ဒီလိုဆိုတာ။

အဲဒီတော့ ဒီပရိတ်က တခြားပရိတ်တွေနဲ့ မတူတာ ဘာလဲလို့ဆို "ကောင်းကင်မှာပဲဖြစ်ပါစေ မြေကြီးပေါ်မှာလို ရပ်တည်ရာ ရနိုင်ပါတယ်" ဆိုတာ တခြားပရိတ်တွေမှာ မပါတဲ့ စကားတစ်ခုပဲ။ အဲဒီတော့ ဒီနေရာမှာ ဆက်နွယ်ပြီးတော့ ပြောမယ်ဆိုရင် လူတွေဟာ ရေထဲရောက်နေရင်လည်း ထောက်တည်ရာဆိုတာ မရနိုင်ဘူး။ အဲဒီတော့ ရေထဲမှာလည်း ထောက်တည်ရာ ရဖို့အတွက် ဓဇဂ္ဂပရိတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သင့်တယ်။ ရေကြောင်းခရီး သွားလာတဲ့ပုဂ္ဂိုလ်တွေ၊ မြစ်ကိုဖြတ်သန်းတဲ့ပုဂ္ဂိုလ်တွေ၊ ပင်လယ်ခရီးကို ဖြတ်သန်းသွားတဲ့ပုဂ္ဂိုလ်တွေ ဓဇဂ္ဂပရိတ်ကို

www.dhammadownload.com



ဆင်ခြင်စဉ်းစားသွားမယ်ဆိုရင် ရေနစ်ခြင်းအန္တရာယ်ကနေ လွတ်မြောက်နိုင်မှာဖြစ်တယ်။

လေကြောင်းက လေယာဉ်ခရီးသွားတဲ့ ပုဂ္ဂိုလ်တွေဟာလည်း ဓဇဂ္ဂသုတ်ကို အထူးအာရုံပြုပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ် ပွားများမယ်ဆိုလို့ရှိရင် ကောင်းကင်မှာ ကိုယ့်အတွက် တည်ရာမှီရာ ရနိုင်တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း(၅၀)လောက်ကလို့ ထင်တယ်။ မြန်မာနိုင်ငံမှာ ဒါကိုတာဆိုတဲ့ လေယာဉ်ပျံကြီးတွေရှိတယ်၊ ရန်ကုန်နဲ့မန္တလေး ပြေးဆွဲနေတဲ့ ဒါကိုတာလေယာဉ်။ ရန်ကုန်ကထွက်လာတဲ့ လေယာဉ်တစ်စင်းဟာ ရာသီဥတုကြောင့် မန္တလေးကွင်း ဆင်းတဲ့အခါမှာ ရှမ်းတောင်တန်းကြီးနဲ့ တိုက်မိလိုက်တယ်။ ရာသီဥတုကလည်း ဆိုးနေတဲ့အချိန်၊ အောက်မြင်ကွင်းကလည်း မရှင်းတဲ့အချိန် လေယာဉ်ကွင်းရောက်ပြီအထင်နဲ့ လေယာဉ်ကို နှိမ့်ပြီး ဆင်းလိုက်တဲ့အချိန်မှာ ရှမ်းတောင်တန်းထဲက တောင်ထွတ်တစ်ခုနဲ့ တိုက်မိပြီး လေယာဉ်ပျက်ကျသွားတယ်။

www.dhammadownload.com



အဲဒီလေယာဉ်ပေါ်မှာ မန္တလေးသားတစ်ယောက်ပါလာတယ်။ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ သူက တစ်လမ်းလုံး ဘုရားဂုဏ်အာရုံပြုပြီး ပုတီးစိပ်လာတယ်။ လေယာဉ်နဲ့တောင်ထွက်တိုက်လိုက်ပြီး ဒိန်းဆိုတဲ့ အသံကြားပြီးတော့ သူလည်း သတိမေ့သွားတယ်။ သတိရလို့ ကြည့်လိုက်တဲ့အခါ ဝါးခြုံကြီးတစ်ခုပေါ်မှာ သူရောက်နေတယ်၊ ကျန်တဲ့လူတွေတော့ သေကုန်တယ်။ သတိရတဲ့အခါ သူ ဝါးခြုံပေါ်မှာ တင်နေတယ်၊ အဲဒါ မှန်ကန်တဲ့ အကြောင်းအရာ True story ပေါ့။ မြန်မာနိုင်ငံမှာ တကယ်ဖြစ်ခဲ့တာ။

သူလည်းပဲ ဇေဂုသုတ်မှာပါတဲ့ ဗုဒ္ဓဂုဏ်ကို အာရုံပြုပြီးတော့ နေတယ်၊ အခုလို လေယာဉ်ပျံ ပျက်ကျတဲ့ အချိန်မှာ သူဟာ ဝါးခြုံတည်းဟူသော မိုးရာတစ်ခုကို ရလိုက်တယ်လို့ ဒီလိုပြောရမှာပဲ။ အဲဒီအချိန်တုန်းက အမှတ်တရ သတင်းစာတွေ ဖတ်ဖူးတဲ့သူတွေပါရင် ဒီသတင်းကြားဖူးမှာပါ။ တကယ် ဖြစ်ပျက်ခဲ့တာပေါ့။

www.dhammadownload.com



ဒါကြောင့်မို့လို့ ဇဂ္ဂသုတ်ကို အမှတ်ရရုံလေးနဲ့ မြေကြီးပေါ်မှာလို ကောင်းကင်မှာလည်းပဲ ထောက်တည်ရာကို ရနိုင်ကြပါတယ်။

ဒါတင်လားလို့ဆိုတော့ မကဘူး၊ "ဇဂ္ဂသုတ်ရဲ့ အစွမ်းကြောင့် ဘီလူးကြောင့်ဖြစ်စေ၊ သူခိုးဓားပြတွေကြောင့်ဖြစ်စေ၊ အနှောင်အဖွဲ့တွေ ဘေးရန်တွေက ဖြစ်စေ လွတ်သွားတဲ့ပုဂ္ဂိုလ်တွေဟာ ရေတွက်ပိုင်းခြားလို့ မရအောင် အလွန်ပဲများပြားတယ်။ ဒီ ဇဂ္ဂ ပရိတ်တရားတော်ကို ရွတ်ဖတ်ကြပါစို့လား"လို့ ဒီလိုဆိုလိုတာပေ့ါ။

## ဇဝံ မေ သုတံ

ဒီသုတ္တန်ကို ရှင်အာနန္ဒာမထေရ်မြတ်က "**ဇဝံ မေသုတံ**" နဲ့ စတယ်၊ မြတ်စွာဘုရားဆီက သင်ယူတဲ့ အတိုင်း ပြောပါ့မယ်လို့ ဆိုတာပါ။

www.dhammadownload.com



**ကော သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊**

**ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။**

တစ်ခါတုန်းက မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ သာဝတ္ထိမြို့ အနာထပိဏ်သူဌေး ဝယ်ယူလှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးနေထိုင်တယ်တဲ့။

**တတြ ခေါ ဘဂဝါ**

**ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။**

ရဟန်းပရိသတ်ရဲ့ အလယ်မှာ မြတ်စွာဘုရားက ဒီမင်္ဂလသုတ်ကို ဟောကြားချီးမြှင့်တော်မူခဲ့တာ ဖြစ်ပါတယ်တဲ့။

ဒါက ရှင်အာနန္ဒာက နိဒါန်းစကားအနေနဲ့ ပြောတာ။ အဲဒီတော့ ဒီမင်္ဂလသုတ်ဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်း အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဥယျာဉ်ထဲကကျောင်းမှာ သီတင်းသုံးနေထိုင်ရင်း ဟောဒီ မင်္ဂလသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။

www.dhammadownload.com



အဖြစ်အပျက်တစ်ခုကို ဦးတည်ပြောကြားပြီး မြတ်စွာဘုရားက ဟောကြားတာ။

**ဘူတပုဗ္ဗံ ဘိက္ခဝေ ဒေဝါသုရသင်္ဂါမော၊**

**သမုပဗျူဠှော အဟောသိ။**

တကယ်ဖြစ်ခဲ့ဖူးတဲ့ အကြောင်းအရာတစ်ခုကို ပြောတော့မယ်ဆိုရင် "**ဘူတပုဗ္ဗံ**" နဲ့ စတယ်၊ မြတ်စွာဘုရားက ဇာတကတွေကို ဟောတော့မယ်ဆိုရင် ဒီစကားလုံးကို အမြဲတမ်းသုံးတယ်။ (၅၅၀)ဇာတ်တွေကို ဖွင့်ဆိုတဲ့ အဋ္ဌကထာတွေမှာတော့ "**အတီတေ ဗာရဏသီယံ**" လို့ ဒီလိုစတင်ပြီး ပြောတယ်။ မြတ်စွာဘုရားကတော့ အဲဒီလို မဟုတ်ဘူး၊ "**ဘူတပုဗ္ဗံ**" ရှေးက ဖြစ်ဖူးတဲ့ အကြောင်းအရာတစ်ခုကို ငါပြောမယ်၊ တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို ပြောမယ် လို့ စတင်တာ။

www.dhammadownload.com



## ဒေဝ နှင့် အသူရ စစ်ပွဲ

လူ့ပြည်မှာသာ စစ်ပွဲရှိတာ မဟုတ်ဘူး၊ နတ်ပြည်မှာလည်း စစ်ပွဲရှိတယ်၊ ဒေဝ နဲ့ အသုရ တို့ အမြဲတမ်း စစ်ခင်းနေကြတယ်၊ ဘာဖြစ်လို့ စစ်တိုက်ကြသလဲ၊ ဇာတ်လမ်းအတိုချုပ်ပြောမယ်။

မစလရွာက မဃလုလင်နဲ့ လူ(၃၃)ယောက် ပါဝင်တဲ့ ပုညသဟာယ ဖွဲ့တယ်၊ ကုသိုလ်ကောင်းမှုကို အားတက်သရောလုပ်ကြတဲ့ ဒီပုဂ္ဂိုလ်တွေဟာ ကုသိုလ်ရဲ့စွမ်းအားကြောင့် သေတဲ့အခါမှာ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ကြတယ်။

တာဝတိံသာနတ်ပြည်မှာ သူတို့ထက် အရင် ဖြစ်နှင့်နေတဲ့ နတ်တွေရှိတယ်။ သို့သော် သူတို့နဲ့ ဘာကွာလဲဆိုရင် အရင်ဖြစ်နှင့်နေတဲ့ နတ်တွေက သူတို့လောက် တန်ခိုးအရှိန်အဝါ မရှိကြဘူး၊ နောက် ရောက်လာတဲ့ မဃလုလင် အမှူးပြုတဲ့ ဒေဝတွေက ပိုပြီးတော့ တန်ခိုးအရှိန်အဝါတွေ ကြီးမားတာ။

www.dhammadownload.com



နဂိုရှိနှင့်တဲ့နတ်တွေက နတ်ဦးရေ တိုးလာတယ်ဆိုတော့ ပျော်ကြတာပေါ့။ ပျော်ပွဲစားဖို့ သောက်ဖို့စားဖို့ ဒိဗ္ဗပါနလို့ဆိုတဲ့ နတ်အဖျော်ယမကာ (ဘီယာ၊ အရက်) သောက်စားမူးယစ်ဖို့ စီစဉ်ကြတယ်။ ဘီယာနဲ့အရက်က လူ့ပြည်တင်မကဘူး နတ်ပြည်တောင် ရောက်နေတယ်၊ နတ်သစ်တွေ ရောက်လာတဲ့အခါ သူတို့က ဧည့်ခံတာပေါ့။ နတ်အရက်တွေနဲ့ ဧည့်ခံတယ်။

နောက်မှရောက်လာတဲ့ မဃလုလင်အမှူးပြုတဲ့ နတ်တွေရဲ့ ခေါင်းဆောင်နတ်က သိကြားမင်းပေါ့။ သူက မျက်ရိပ်ပြထားတယ်၊ "မင်းတို့ မသောက်ကြနဲ့၊ ဒီအရည်သောက်ရင် မူးလိမ့်မယ်။ မူးရင် ဘာမှသိမှာ မဟုတ်ဘူး၊ မသောက်ကြနဲ့၊ သူတို့နဲ့ရောနှောပြီး သောက်ချင်ယောင်ဆောင်၊ မသောက်ကြနဲ့" ယခင် နတ်တွေကတော့ သောက်လိုက်ကြတာ၊ မူးရူးနေပြီဆိုတဲ့အခါ သိကြားမင်းက မူးလဲနေတဲ့နတ်တွေကို တာဝတိံသာ တောင်ထိပ်ကနေ အောက်ကို ပစ်ချခိုင်းတယ်၊

www.dhammadownload.com



တစ်ယောက်ပစ်ချလိုက်တာနဲ့ သူတို့ အုပ်စုတစ်စုလုံး အောက်ကျသွားတယ်။ ဘယ်ရောက်သွားတုန်းဆို မြင်းမိုရ်တောင်ခြေမှ ပင်လယ်တွင်း ရောက်သွားတယ်။

## မြင်းမိုရ်တောင်

ဒီနေရာမှာ မြင်းမိုရ်တောင်ကို ရှာတဲ့လူကလည်း ရှာနေတုန်းပဲနော်။ Internet မှာ ဘုန်းကြီးတို့ကို လှမ်းမေးတယ်၊ မြင်းမိုရ်တောင် ဘယ်နားရှိလဲလို့။ အဲဒီတော့ မြင်းမိုရ်တောင် ဘယ်နားရှိတုန်း၊ မြင်းမိုရ်တောင်ဟာ ဘယ်ဟာလဲလို့ မေးမယ်ဆိုလို့ရှိရင် ဘယ်လို ဖြေရမလဲ။ စစ်ကိုင်းတောင်လို တောင်တစ်တောင်ကို ရှာလို့တွေ့မှာ မဟုတ်ဘူး။ စာပေကျမ်းဂန်ကို သေသေ ချာချာ နှံ့နှံ့စပ်စပ် ကြည့်မယ်ဆိုလို့ရှိရင် လောကမှာ ယုံကြည်နေတဲ့ ကမ္ဘာလုံးကြီး ကမ္ဘာဂြိုဟ်ကြီး ရှိတယ်၊ အဲဒီကမ္ဘာဂြိုဟ်ကြီးရဲ့ အမြင့်ဆုံးဟာ မြောက်ဝင်ရိုးစွန်း ထိပ်ပဲ၊ မြောက်ဝင်ရိုးစွန်းက အမြင့်ဆုံးလို့ဆိုတယ်။

www.dhammadownload.com



မြောက်ဝင်ရိုးစွန်းထိပ်ဟာ မြင်းမိုရ်တောင် ဖြစ်နိုင်တယ်လို့ ဆိုကြတယ်။

မြင်းမိုရ်တောင်ထိပ်မှာ တာဝတိံသာ နတ်ပြည် ရှိတယ်တဲ့။ မြင်းမိုရ်တောင် အောက်ခြေမှာ အသုရာ နတ်ပြည် ရှိတယ်တဲ့။ အလယ်ခါးပန်းမှာ ကျွန်းကြီး လေးကျွန်းနဲ့ ရံထားတဲ့ လူ့ပြည်ရှိတယ်တဲ့၊ လူတွေဟာ မြင်းမိုရ်တောင်ရဲ့ ခါးပန်းမှာ နေကြတာ။ ကိုယ်နေတဲ့ နေရာကြီးဟာ အင်မတန်မှာ ကြီးမားသည့်အတွက်ကြောင့် ဒီတောင်ကြီးရှာမတွေ့ဘဲနဲ့ဖြစ်နေတာ၊ ဘယ်မှာ တွေ့မှာတုန်း ကိုယ်နေတာကိုက တောင်ခါးပန်းမှာ နေတာ၊ တောင်နားကပ်နေတဲ့လူက တောင်ကို ဘယ်ရှာ တွေ့မှာတုန်း။ စာပေကျမ်းဂန်အရ အဲဒီလို သတ်မှတ်လို့ရတယ်။

အသုရာတွေကို မြင်းမိုရ်တောင်ထိပ်မှ ပစ်ချလိုက်လို့ တောင်ခါးပန်းလောက် ရောက်တဲ့အခါ အသုရာတွေ အရက်မူးပြေသွားကြတယ်၊ အရက်မူးပြေသွားတော့

www.dhammadownload.com



သူတို့ရဲ့အမှားကိုသိပြီး "နောက်မသောက်တော့ပါဘူးဗျ၊ နောက်မသောက်တော့ပါဘူးဗျ" လို့ အော်ကြတယ်တဲ့။ "**န သုရံ ပိဝိမှ၊ န သုရံ ပိဝိမှ**" နောက် မသောက်တော့ ပါဘူးလို့ အော်ရင်းနဲ့ အောက်ကျသွားကြတာ၊ သူတို့ရဲ့ ဘုန်းကံအားလျော်စွာ မြင်းမိုရ်တောင်ခြေမှာ အသုရာ နတ်ဘုံဆိုတာ ဖြစ်ပေါ်လာတယ်။

"**န သုရံ ပိဝိမှ**" **သုရ** ဆိုတာ သေရည်အရက် ကို ပြောတာ။ ဒီ သေရည်အရက်ကို နောက် မသောက် တော့ပါဘူးဆိုတဲ့ စကားလုံးကို အကြောင်းပြုပြီး "အသုရာ" ခေါ်လာခဲ့တာ။ သိကြားမင်း အမှူးပြုတဲ့ နတ်သစ်တွေကို ဒေဝလို့ခေါ်တယ်။ အဲဒီ အရက်မူးလို့ ပစ်ချခံလိုက်ရတဲ့ နတ်တွေကိုတော့ အသုရာလို့ ခေါ် တယ်။ အဲဒီကတည်းက ဒေဝနဲ့အသုရာတို့ မတည့် ကြတော့ဘူး၊ အရက်သောက်တဲ့ကောင်တွေ အကုန် နှင်ထုတ်လိုက်တယ်၊ အရက်မသောက်တဲ့နတ်တွေက နေရာလုယူလိုက်တယ်။ အဲဒီတော့ နတ်ပြည်က နှစ်ခြမ်း

www.dhammadownload.com



ကွဲသွားတယ်၊ သို့သော် အမျိုးအစားအားဖြင့်တော့ အသုရာတွေလည်း တာဝတိံသာနတ်ပဲ။

တာဝတိံသာနတ်ပြည်မှာက ပင်လယ်ကသစ်ပင် ပွင့်တယ်၊ အသုရာပြည်မှာတော့ သခွပ်ပင် ပွင့်တယ်။ အဲဒီ သခွပ်ပင် ပွင့်တဲ့အခါ "ဟာ-တို့နေရာက ပင်လယ်ကသစ်ပင် ပွင့်တာ၊ အခု သခွပ်ပင် ဖြစ်နေပါလား? တို့နေရာမဟုတ်ဘူး" အဲဒီအချိန်ရောက်တိုင်း နေရပ်ကို သတိရပြီး တာဝတိံသာနတ်ပြည်အရောက် စစ်တိုက်ကြတယ်။

သိကြားမင်းက အဆင့်ဆင့် အစောင့်တွေ ချထားတယ်။ ပင်လယ်ထဲမှာ နဂါးတွေ အစောင့်ထားတယ်၊ ပင်လယ်ရေမျက်နှာပြင် ရောက်တဲ့အခါ ဂဠုန်တွေ စောင့်တယ်။ ထို့နောက် ကုမ္ဘဏ်တွေ စောင့်တယ်။ ထို့နောက် ယက္ခဘီလူးတွေ စောင့်တယ်၊ ထို့နောက် စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးက စောင့်ရှောက်တယ်လို့၊ အဲဒါကို "အာလိန်ငါးဆင့်" လို့ခေါ်တယ်။

www.dhammadownload.com



အသုရာတွေက ပထမ နဂါးတွေနဲ့ စစ်တိုက်တယ်၊ နဂါးတွေ ရှုံးသွားတဲ့အခါ ဂဠုန်တွေနဲ့ တိုက်ရတယ်၊ ဂဠုန်တွေ ရှုံးသွားပြန်တော့ ကုမ္ဘဏ္ဍ ဘီလူးတွေနဲ့ တိုက်ရတယ်၊ ကုမ္ဘဏ္ဍတွေ ရှုံးသွားတဲ့အခါ ယက္ခဆိုတဲ့ ဘီလူးတွေနဲ့တိုက်တယ်၊ ယက္ခဆိုတဲ့ ဘီလူးတွေကို နိုင်လိုက်ပြီး ရှေ့ဆက်တိုက်တဲ့အခါ စာတုမဟာရာဇ် နတ်မင်းကြီးလေးဦးနဲ့ တိုက်ရတယ်။ တစ်ခါတစ်ရံ စာတုမဟာရာဇ် နတ်မင်းကြီးတို့ ရှုံးသွားတဲ့အခါ တာဝတိံသာနတ်ပြည် မြို့ဝင်မြို့တံခါးထိအောင် ရောက်လာတတ်တယ်။ အဲဒီအခါ သိကြားမင်းကြီးကိုယ်တိုင် ထွက်ပြီးတိုက်တယ်။

အဲဒီလို စစ်ခင်းတဲ့အခါ အသုရာတွေ တက်လာပြီး နတ်မင်းကြီးလေးယောက်လည်း မနိုင်တော့ဘူး၊ ထိုအခါ သိကြားမင်းကြီးထံ အစီရင်ခံစာ တင်ကြတယ်၊ သိကြားမင်းကြီးက နတ်မင်းကြီးတွေ ခြံရံပြီး ဝေဇယန္တာ ရထားကြီးစီးပြီး သူကိုယ်တိုင် တိုက်ရတယ်။

www.dhammadownload.com



## သိကြားမင်း စစ်ထွက်ခြင်း

စစ်ထွက်ခါနီး နတ်တွေကို အားပေးစကား ပြောတာ၊ နတ်တွေဆိုတာ လူတွေလိုပဲ ကြောက်တယ်၊ ရန်သူနဲ့ ရင်ဆိုင်တွေ့ရမယ်ဆိုရင် ကြောက်တယ် လန့်တယ်၊ ကြက်သီးမွေးညင်းတွေ ထတယ်၊ ကြက်သေ သေတယ် ဆိုတာမျိုးတွေ ဖြစ်တယ်။

**"အထခေါ် သက္ကော ဒေဝါနမိန္ဒော**

**ဒေဝေ တာဝတိံ သေ အာမန္တေသိ"**

စစ်ထွက်တော့မယ်ဆိုရင် သိကြားမင်းကြီးက မိန့်ခွန်းပြောတယ် "ငါ့လူတို့ ကြောက်စိတ်တွေ ပေါ်လာမယ်၊ ကြက်သီးမွေးညင်း ထလာမယ်ဆိုလို့ရှိရင် ငါစီးတဲ့ ရထားရဲ့ အလံထိပ်ဖျားကို လှမ်းပြီးကြည့်လိုက်၊ ဒို့ရှေ့မှာ ဒို့ရဲ့ဘုရင် သိကြားမင်းကြီး မားမားမတ်မတ် ရှိနေတယ်၊ ငါ ဘာကိုကြောက်ရမှာလဲလို့ ရဲရဲဝံ့ဝံ့ထွက်ကြရမယ်"

"အကယ်၍ ငါ့ရဲ့ အောင်လံတော်ထိပ်ဖျားကို ကြည့်လို့မှ အကြောက်မပြေဘူးဆိုရင် (သိကြားမင်းကြီး

www.dhammadownload.com



ရဲ့ နောက်က နံပါတ်နှစ်နေရာမှာရှိတဲ့ ပဇာပတိ နတ်မင်းကြီးကလည်း အခြံအရံနဲ့ သူကိုယ်တိုင်ကလည်း ရထားစီးပြီး ရင်ဆိုင်ဖို့ ထွက်လာတယ်။) ပဇာပတိ နတ်မင်းကြီးစီးလာတဲ့ ရထားရဲ့ အောင်လံထိပ်ဖျားကို မျှော်ကြည့်လိုက်၊ ပဇာပတိ နတ်မင်းကြီးလည်း တို့ရှေ့မှာ ရှိတယ် ဘာမှကြောက်စရာမလိုဘူးလို့ အားတင်းပြီးတော့ ရင်ဆိုင်ကြရမယ်။"

"အကယ်၍ ပဇာပတိနတ်မင်းကြီးရဲ့ အောင်လံဖျားကိုကြည့်လို့မှ အကြောက်မပြေဘူးဆိုရင် တတိယနေရာမှာရှိတဲ့ ဝရုဏနတ်မင်းကြီးရဲ့ အောင်လံထိပ်ဖျားကို ကြည့်လိုက်၊ ကြောက်စိတ်တွေ ပြေသွားလိမ့်မယ်၊"

တစ်ခါ ဝရုဏနတ်မင်းကြီးရဲ့ အောင်လံထိပ်ဖျားကို ကြည့်လို့မှ ကြောက်စိတ်မပြေဘူးဆိုလို့ရှိရင် ဤသာနဆိုတဲ့ နတ်မင်းကြီးရဲ့ အောင်လံထိပ်ဖျားကို ကြည့်လိုက်၊ ကြောက်စိတ်ပြေသွားလိမ့်မယ်။

www.dhammadownload.com



သိကြားမင်းကြီးက စစ်ထွက်ခါနီးမှာ အဲဒီလို အားပေးစကားပြောပြီးတော့ အသုရာတွေနဲ့ ရင်ဆိုင်တိုက်ရတယ်။

မြတ်စွာဘုရားက ဆက်ဟောတယ်။ သိကြားမင်းကြီးရဲ့ အောင်လံထိပ်ဖျားကို ကြည့်လို့၊ ပဇာပတိနတ်မင်းကြီးရဲ့ အောင်လံထိပ်ဖျားကို ကြည့်လို့၊ ဝရုဏနတ်မင်းကြီးရဲ့ အောင်လံထိပ်ဖျားကို ကြည့်လို့၊ ဤသာနနတ်မင်းကြီးရဲ့ အောင်လံထိပ်ဖျားကိုကြည့်လို့ ရဲတင်းတဲ့စိတ်တွေပေါ်လာပြီး အကြောက်ပြေကောင်း ပြေနိုင်တယ်။ ပြေချင်မှလည်းပြေမယ်။ ဘာဖြစ်လို့တုန်းဆိုရင် တစ်ခါတစ်ရံ အသုရာတွေနဲ့ စစ်တိုက်တဲ့အခါမှာ သိကြားမင်းကိုယ်တိုင် ပြေးရတာရှိသေးတယ်၊ ဟိုဘက်က အင်အားများလာရင် သူကိုယ်တိုင် ရှောင်ထွက်ပြီး ပြေးရတယ်။

**"တံ ကိဿ ဟေတု၊ သက္ကော ဒေဝါနမိန္ဒော**

**အဝီတရာဂေါ** ရာဂဆိုတဲ့ တွယ်တာမှုတွေ မကင်းဘူး၊ **အဝီတဒေါသော** အမုန်းတရားလည်း သူ့မှာ

www.dhammadownload.com



မကောင်းဘူး၊ **အဝိဇ္ဇာမောဟ** တွေဝေစိတ်တွေလည်း သူ့မှာ မကောင်းဘူး၊ **ဘီရု** ကြောက်တတ်တယ်၊ **ဥတြာသီ** လန့်တတ်တယ်၊ **ပလာယီ** ထွက်ပြေးတတ်တယ်။

သိကြားမင်းစီးတဲ့ ရထားရဲ့ အောင်လံထိပ်ဖျား ကိုကြည့်လို့ အကြောက်ဆိုတာ ပြေချင်မှပြေမှာ။ ဘာဖြစ်လို့တုန်းဆို တစ်ခါတစ်ရံ သူကိုယ်တိုင်ကိုက ထွက်ပြေးရတယ်၊ သူကိုယ်တိုင်ကိုက ကြောက်တတ် တယ်၊ အဲဒါ သဘာဝ။ ကြောက်တတ်တဲ့သူကို အားကိုး လည်း ဘယ်လိုလုပ် အားကိုးရာရနိုင်မှာတုန်း၊ ဒီ အဓိပ္ပါယ်မျိုး မြတ်စွာဘုရားဟောတာ၊ သိကြားမင်းကြီး ကိုယ်တိုင်ကိုက ကြောက်တတ်တယ်၊ ထွက်လည်း ပြေးတတ်တယ်၊ ဒါကြောင့်မို့လို့ သူ့အောင်လံထိပ်ဖျား ကြည့်ရုံနဲ့တော့ အကြောက်ပြေချင်မှ ပြေမယ်တဲ့။

မြတ်စွာဘုရားက သိကြားမင်းကြီး ပြောတာကို စံနမူနာယူပြီး ဒီလိုဟောတာ။

www.dhammadownload.com



**"အရဟံ ဂတော ဝါ၊ ရုက္ခမူလဂတော ဝါ၊**
**သုညာဂါရဂတော ဝါ"**

တစ်ခါတစ်ရံ တရားအားထုတ်ဖို့ တောနက်ကြီးရဲ့ အလယ်ရောက်နေတယ်၊ **သုညာဂါရ** ဘယ်သူမှမရှိတဲ့ ကိုယ်တစ်ယောက်တည်းနေရတဲ့ အဆောက်အဦး ထဲမှာ ရောက်ချင်ရောက်နေတယ်၊ သစ်ပင်အောက် ရောက်နေတယ်၊ အဲဒီလိုရောက်လို့ ကြောက်စိတ် ကလေးများဝင်လာရင်(တစ်ယောက်တည်းနေရင် လူက တောင်တွေး မြောက်တွေး ကြောက်တယ်လေ။) ဘာ လုပ်ရမလဲ၊ အဲဒီအချိန်မှာ-

**"ဣတိပိ သော ဘဂဝါ အရဟံ၊**
**သမ္မာသမ္ဗုဒ္ဓေါ၊**
**ဝိဇ္ဇာစရဏသမ္ပန္နော၊**
**သုဂတော၊ လောကဝိဒူ၊**
**အနုတ္တရော ပုရိသဒမ္မသာရထိ၊**
**သတ္ထာ ဒေဝမနုဿာနံ၊**
**ဗုဒ္ဓေါ၊ ဘဂဝါ"**

www.dhammadownload.com



ဂုဏ်ရည်တွေနဲ့ တွဲဖက်ပြီး မြတ်စွာဘုရားကို အမှတ်ရကြဖို့ မြတ်စွာဘုရားက ဟောတာ။

ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားဟာ ကိလေသာ ရန်သူတွေကို အကုန်ဖယ်ရှားပြီးလို့ **အရဟံ** ဂုဏ်နဲ့ ပြည့်စုံပါပေတယ်၊ မြတ်စွာဘုရားမှာ ဒီလို ကြောက်စိတ်တွေ မရှိဘူး၊ ကိလေသာတွေ အားလုံး ကုန်ခမ်းပြီးပြီ၊ ဖယ်ရှားပြီးပြီဆိုတဲ့ဂုဏ်ရည်ကို အမှတ်ရလို့ ရတယ်။

**သမ္မာသမ္ဗုဒ္ဓေါ** အမှန်တရားတွေကို ကိုယ်တိုင် သိတယ်ဆိုတဲ့ ဂုဏ်ရည်ကိုလည်း အမှတ်ရလို့ရတယ်။

**ဝိဇ္ဇာစရဏသမ္ပန္နော** အသိဉာဏ် အကျင့်တရား တွေနဲ့ ပြည့်စုံတယ်ဆိုတဲ့ ဂုဏ်ကိုလည်း သတိရလို့ ဖြစ်တယ်။

**သုဂတော** မှန်ကန်တဲ့ နိဗ္ဗာန်ကို ကြွသွားတယ်၊ (သို့မဟုတ်) မှန်ကန်သော စကားကိုသာ မိန့်ကြားတော် မူတတ်တယ်ဆိုတဲ့ ဂုဏ်ရည်ကိုလည်း သတိရရမယ်။

www.dhammadownload.com



**လောကဝိဒူ** လောကအကြောင်းကို ကုန်စင်အောင် သိတော်မူတယ်ဆိုတဲ့ ဂုဏ်ကိုလည်း အမှတ်ရရမယ်။

**အနုတ္တရော ပုရိသဒမ္မသာရထိ** ဆုံးမထိုက်တဲ့ ပုဂ္ဂိုလ်ကို ဆုံးမတဲ့နေရာမှာ အသာဆုံးပဲဆိုတဲ့ဂုဏ်ကို အာရုံပြုပြီးတော့လည်း အမှတ်ရရမယ်။

**သတ္ထာ ဒေဝမနုဿာနံ** လူတွေ နတ်တွေကို သွန်သင်ဆုံးမတဲ့ ထူးခြားလေးစားအပ်တဲ့ ဆရာကြီးတစ်ဦး ဖြစ်ပါပေတယ်ဆိုတဲ့ ဂုဏ်ရည်ကို အမှတ်ရလို့ ဖြစ်တယ်။

**ဗုဒ္ဓေါ** သစ္စာလေးပါးကို အများသိအောင် ဟောပြောတယ်ဆိုတဲ့ ဂုဏ်အရည်အချင်းကိုလည်း အမှတ်ရတယ်။

**ဘဂဝါ** ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတယ်ဆိုတဲ့ ဂုဏ်ကိုလည်း အမှတ်ရတယ်။

www.dhammadownload.com



ဘယ်ဂုဏ်အရည်အချင်း ဘယ်ရှုထောင့်ကနေနေ ဘုရားကို အမှတ်ရလိုက်တာနဲ့ တပြိုင်နက်-

**"ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ"**

ကြောက်တာတွေ, စိတ်နှလုံး တုန်လှုပ်မှုတွေ ပျောက်သွားလိမ့်မယ်၊ ကြက်သီးမွေးညင်းထခြင်းတွေ ပျောက်သွားလိမ့်မယ်၊ အမှောင်ထဲမှာ တစ်ယောက်ထဲ နေလို့ ကြောက်စိတ်ပေါ်လာရင် ဘုရားကိုအာရုံပြု၊ ဘုရားကို အာရုံပြုလိုက်ရင် ကြောက်စိတ်တွေ ပျောက်သွားလိမ့်မယ်၊ မြတ်စွာဘုရားက ဒီလိုဟောတာ။

အကယ်၍ ငါဘုရားကို အာရုံမပြုဘူးဆိုရင် ငါ ဟောတဲ့တရားဟာ အမှားမရှိ၊ မှန်တာတွေကိုသာ ဟောထားလို့ တရားဓမ္မကို အမှတ်ရလိုက်ပါ။

"**သွာက္ခာတော ဘဂဝတော ဓမ္မော** ဘုရားဟောတဲ့တရားဟာ အကျိုးနဲ့အကြောင်း မှန်မှန်ကန်ကန် ဟောထားတဲ့ တရားတော်သာဖြစ်တယ်လို့ တရားကို အာရုံပြုလိုက်ပါ။

www.dhammadownload.com



**သန္ဒိဋ္ဌိကော** မှန်မှန်ကန်ကန် ဟောထားသည့်အတွက်ကြောင့် ကိုယ်တိုင်လည်း သိနိုင်တယ်ဆိုတဲ့ အချက်ကနေပြီးတော့ ဓမ္မကိုအာရုံပြုလို့ရတယ်။

ကိုယ်တိုင်သိနိုင်တဲ့အခါ အချိန် ဘယ်လောက်စောင့်ရမလဲဆို မစောင့်ရဘူး၊ အခုသိ အခုအကျိုးရတယ်ဆိုတဲ့ **အကာလိကော** ရှုထောင့်ကလည်း တရားကို မှတ်ရတယ်။

အချိန်ဆိုင်းစရာမလိုဘဲ အကျိုးပေးတာ ဖြစ်သောကြောင့် **ဧဟိပဿိကော** ကိုယ့်ရဲ့ မိတ်ဆွေသူငယ်ချင်းတွေကို လာပြီးကြည့်စမ်းပါလို့ ဖိတ်ခေါ်ပြထိုက်တဲ့ တရားမျိုးလည်း ဖြစ်တယ်။

ဘာဖြစ်လို့ ဖိတ်ခေါ်ပြရသလဲလို့ဆိုရင် **ဩပနေယျိကော** တရားကို ကိုယ့်ရဲ့ စိတ်နှလုံးထဲ ရောက်အောင် ပို့ဆောင်ခြင်းဖြင့် ငြိမ်းချမ်းမှု ချက်ချင်း ခံစားရတယ်ဆိုတဲ့ ရှုထောင့်ကလည်း တရားကို အာရုံပြုလို့ရတယ်။

www.dhammadownload.com



**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** ပညာရှိ မှန်လို့ရှိရင် ကိုယ်ကျင့်တဲ့တရားရဲ့ အရသာကို ကိုယ်ကိုယ်တိုင် ခံစားရတယ်ဆိုတဲ့ ဂုဏ်ရည်ရှုထောင့်ကနေပြီးတော့လည်း တရားကို အာရုံပြုလို့ရတယ်။

အဲဒီလို ငါပေါ်ထားတဲ့ တရားဓမ္မတွေကို အကြိမ်ကြိမ် အဖန်ဖန် သတိရလိုက်တာနဲ့ တပြိုင်နက်-

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊**

**သော ပဟီယိဿတိ။**

ကြောက်တာတွေ ပြေသွားလိမ့်မယ်၊ ကိုယ်နှလုံး တုန်လှုပ်တာတွေ ပြေသွားလိမ့်မယ်၊ ကြက်သီးမွေးညင်း ထတာတွေ ပျောက်သွားလိမ့်မယ်။

အကယ်၍များ ဓမ္မဂုဏ်ကို အာရုံမပြုဘူးဆိုရင် နောက် အာရုံပြုစရာတစ်ခုရှိသေးတယ်၊ သံဃဂုဏ်ကို အာရုံပြုလိုက်ပါတဲ့။ သံဃဂုဏ်ကို အာရုံပြုတဲ့အခါမှာ-

**သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော**

မြတ်စွာဘုရားရဲ့တပည့်သာဝကဟာ မှန်ကန်တဲ့ အကျင့်

www.dhammadownload.com



တွေကို ကျင့်ပါပေတယ်လို့ နိဗ္ဗာန်ကိုရောက်ဖို့ ကျင့်တဲ့ အခါမှာ အကျင့်မှားနေရင် မရောက်နိုင်ဘူး၊ ဒါကြောင့်မို့ မှန်ကန်တဲ့အကျင့်ကို ကျင့်ပါပေတယ်လို့လည်း သံဃာကို အာရုံပြုလို့ရတယ်။

**ဥဇုပ္ပဋိပန္နော** ဘဂဝတော သာဝက သံဃော မှန်ကန်တဲ့အကျင့်ဆိုတာ လွဲမှားနေတဲ့ အကျင့်မျိုးကို ရှောင်ရှားလို့ မဇ္ဈိမပဋိပဒါဆိုတဲ့ ဖြောင့်မှန်တဲ့အကျင့်ကို ကျင့်တာ၊ **ကာမသုခလ္လိကာနုယောဂ** ဆိုတဲ့ အကျင့်ကို ရှောင်တယ်၊ **အတ္တကိလမထာနုယောဂ** ဆိုတဲ့ အကျင့်ကို ရှောင်တယ်၊ အစွန်းရောက်တဲ့ အကျင့်နှစ်ခုကိုရှောင်ပြီး အလယ်လမ်းကြောင်းအတိုင်း ဖြောင့်ဖြောင့်မတ်မတ် ကျင့်တာကို '**ဥဇုပ္ပဋိပန္န**'လို့ ဆိုတယ်၊ ဒီအကျင့်ကနေ ပြီးတော့လည်းပဲ အရိယာသံဃာတော်တွေကို အမှတ်ရလို့ ရတယ်။

**ဉာယပ္ပဋိပန္နော** ဘဂဝတော သာဝက သံဃော၊ ဉာယ ဆိုတာ နိဗ္ဗာန်ကိုခေါ်တာ၊ ဉာယပ္ပဋိပန္နော၊

www.dhammadownload.com



နိဗ္ဗာန်ရောက်တဲ့အကျင့်ကို ကျင့်နေကြတယ်လို့ ဒီလို အာရုံပြုလို့ရတယ်။

**သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော** နိဗ္ဗာန်ရောက်ဖို့အကျင့်ကို ကျင့်တဲ့အထဲမှာ တကယ့်ကို နိဗ္ဗာန်ကိုရစေနိုင်တဲ့ အကျင့်မျိုး၊ အကျင့်နဲ့ အကျိုးဟာ လိုက်လျောညီထွေရှိတယ်၊ လွဲမှားမှုမရှိဘူး၊ မှန်ကန်တဲ့ အကျင့်ကိုကျင့်တယ်လို့ သံဃာဂုဏ်ကို အာရုံပြုလို့ ရတယ်။

အဲဒီလိုကျင့်နေတဲ့ ပုဂ္ဂိုလ်တွေကို မဂ္ဂဋ္ဌပုဂ္ဂိုလ် လေးယောက်လို့ ခေါ်တယ်။ အဲဒီ မဂ္ဂဋ္ဌပုဂ္ဂိုလ် လေးယောက်ဟာ ဒီလိုကျင့်သဖြင့် ရလာတဲ့အကျိုး ကျေးဇူးကတော့ ငါးမျိုးရှိတယ်ပေါ့။ "**ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ** မဂ္ဂဋ္ဌပုဂ္ဂိုလ် လေးယောက်၊ ဖလဋ္ဌပုဂ္ဂိုလ် လေးယောက်၊ အရေ အတွက်အားဖြင့် ရှစ်ယောက်၊ အဲဒီ ရှစ်ယောက်သော ပုဂ္ဂိုလ်တွေ မှန်ကန်တဲ့အကျင့်တွေကို ကျင့်လာလို့ ရလာတဲ့ အကျိုးကျေးဇူးတွေက ဘာတုန်းဆို-

www.dhammadownload.com



**အာယုနေယျော–** အဝေးက ဆောင်ယူလာတဲ့ ပစ္စည်း၊ နိုင်ငံခြားတိုင်းပြည်တွေ ဝေးလံတဲ့ဒေသက ယူလာတဲ့ပစ္စည်းကို ခံယူထိုက်သူဆိုတဲ့ ဂုဏ်ရည်ကို ရတယ်။

**ပါဟုနေယျော–** အိမ်မှာ ဧည့်သည်လာရင် ကျွေးဖို့ သီးသီးသန့်သန့်ထားတဲ့ ပစ္စည်းမျိုးကိုလည်း ဟောဒီ သံဃာက ထိုက်တန်သူဖြစ်တယ်။

**ဒက္ခိဏေယျော–** တမလွန်ဘဝ ပြောင်းသွားတဲ့ ပုဂ္ဂိုလ်တွေကို ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှု လုပ်တယ်၊ လုပ်တဲ့အတိုင်း တမလွန်ဘဝ ပြောင်းသွားတဲ့ ပုဂ္ဂိုလ်မှာ အကျိုးကျေးဇူးတွေရဖို့ အလှူခံထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

**အဉ္ဇလိကရဏီယော–** လက်အုပ်ချီထိုက်တယ်၊ လက်အုပ်ချီလိုက်ရုံနဲ့ပဲ ဒီအကျိုးတွေကို ရနိုင်တယ်။

**အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** လောကမှာ သီးနှံစိုက်ပျိုးချင်ရင် မြေရှိရမယ်၊ မြေရှိမှ သီးနှံဆိုတာ

www.dhammadownload.com



စိုက်ပျိုးလို့ရတယ်၊ ထို့အတူပဲ ကုသိုလ်ဆိုတဲ့ အပင်ကို စိုက်ပျိုးချင်လို့ရှိရင် သံဃာဆိုတဲ့မြေဟာ အကောင်းဆုံး မြေပဲ၊ အဲဒါကို အာရုံပြုလိုက်လို့ရှိရင် သံဃာဂုဏ်ကို အာရုံပြုတာ။

အဲဒီလို အာရုံပြုလိုက်တဲ့အခါမှာ -

**ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။**

ကြောက်စိတ်တွေ၊ စိတ်နှလုံးတုန်လှုပ်နေတာတွေ၊ ကြက်သီးမွေးညင်းထတာတွေအားလုံးဟာ ပျောက်ကင်းသွားလိမ့်မယ်။

သိကြားမင်းနဲ့ နတ်မင်းကြီးတွေရဲ့ အောင်လံ ထိပ်ဖျားကိုကြည့်လို့ အကြောက် ပြေချင်ပြေမယ်၊ မပြေချင် မပြေဘူး။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကိုအာရုံပြုမယ်ဆိုရင်တော့ ဧကန်ဒိဋ္ဌ အကြောက် ပြေပါတယ်လို့ မြတ်စွာဘုရားက ဒီလိုဟောတာ။

www.dhammadownload.com



ဘာဖြစ်လို့လဲ။ **တံ ကိဿဟေတု၊ တထာဂတော ဟိ ဘိက္ခဝေ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော။**

ကြောက်ခြင်းရဲ့အကြောင်းဖြစ်တဲ့ လောဘ ဒေါသ မောဟ ကင်းတယ်။ တွယ်တာမှုတွေ ကင်းနေတယ်၊ တွယ်တာမှုရှိရင်လူဟာကြောက်တတ်တယ်၊ တွယ်တာမှုတွေ လုံးဝကင်းနေတယ်၊ ကြောက်ခြင်းရဲ့ အကြောင်းဖြစ်တဲ့ ဒေါသဆိုတာလည်း လုံးဝ ပျောက်ကင်းနေတယ်၊ အမှန်မသိတဲ့ မောဟဆိုတာလည်း လုံးဝ ပျောက်ကင်းလို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးမှာ ရာဂဆိုတာ လုံးဝကင်းတယ်၊ ဒေါသဆိုတာ လုံးဝကင်းတယ်၊ မောဟဆိုတာ လုံးဝကင်းတယ်၊ ဒါကြောင့်မို့-

**အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီ။**

ဘုရားက ဘယ်တော့မှ မကြောက်ဘူး၊ ကြောက်စိတ် ဘယ်တော့မှ မပေါ်ဘူး၊ ကြောက်စိတ်ပေါ်တယ်

www.dhammadownload.com



ဆိုတာ ဒေါသစိတ်ကိုပြောတာ။ ဒေါသဟာ ကြောက်တယ်၊ မြတ်စွာဘုရားမှာ ဒေါသဖယ်ရှားပြီး ဖြစ်သောကြောင့် **အဘီရု** ဘယ်တော့မှ မကြောက်ဘူး၊ ကြောက်တဲ့စိတ်မရှိဘူး။ **အဆမ္ဘီ** စိတ်နှလုံးတုန်လှုပ်တာ မရှိဘူး၊ လူတွေဟာ တုန်သွားတာပဲ၊ ကြောက်ရင် တုန်သွားတာပဲလေ၊ အဲဒီလို တုန်သွားတာလဲ မရှိဘူး၊ **အနုတြာသီ** လန့်သွားတာလည်း မရှိဘူး၊ **အပလာယီ** ကြောက်လို့ ထွက်ပြေးတယ်ဆိုတာ မရှိဘူး။

အခုအချိန်မပြောနဲ့ ဘုရားမဖြစ်မီ မဟာဗောဓိပင်အောက်မှာ "ဒီကနေ့ တရားထူး တရားမြတ် မရရင် မထတော့ဘူး"လို့ အဓိဋ္ဌာန်တဲ့အချိန်မှာ မာရ်နတ်မင်းက လက်နက်တွေအမျိုးမျိုးနဲ့ ကြောက်လန့်တုန်လှုပ်အောင် လုပ်တာတောင် မကြောက်ခဲ့ဘူးလေ၊ ဘုရားဖြစ်ပြီးမှ တော့ ဘယ်ကြောက်မလဲ။

ဒါကြောင့်မို့ မြတ်စွာဘုရားဟာ ဘယ်တော့မှ ကြောက်တာ လန့်တာ တုန်လှုပ်တာ မရှိဘူး၊ ဘာဖြစ်လို့

www.dhammadownload.com



ကြောက်ခြင်း လန့်ခြင်း တုန်လှုပ်ခြင်း ကင်းရသလဲလို့ ဆိုရင် ရာဂ၊ ဒေါသ၊ မောဟ လုံးဝကင်းသွားလို့ပဲ။ သိကြားမင်းကြီးကျတော့ ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးဘူး၊ မကင်းတော့ ကြောက်တတ်တယ်၊ မကြောက်တတ်တဲ့ဘုရားကို အာရုံပြုမှ ကြောက်စိတ်ဆိုတာ ပြေမှာပေ့ါ။ မြတ်စွာဘုရားက လုံးဝကြောက်စိတ်ကင်းတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ မြတ်စွာဘုရားကို အာရုံပြုခြင်းအားဖြင့် ကြောက်ခြင်း လန့်ခြင်း တုန်လှုပ်ခြင်းဆိုတဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ အရာတွေဟာ လုံးဝပျောက်ပြီးတော့ စိတ်နှလုံးအေးချမ်းမှုကို ရနိုင်ပါတယ်။

မြတ်စွာဘုရားက ဘုရား တရား သံဃာ ရတနာသုံးပါးထဲမှာ ဘုရားကို အာရုံပြုလိုက်တဲ့၊ ဘုရားကို အာရုံပြုလိုက်လို့ရှိရင် အကြောက်တွေပြေသွားလိမ့်မယ်။ အဲဒီလိုမဟုတ်လို့ရှိရင် တရားကို အာရုံပြုလိုက်၊ အကြောက်တွေ ပြေသွားလိမ့်မယ်။ တရားကို အာရုံမပြုဘူးဆိုရင် သံဃာကို အာရုံပြုလိုက်၊ အကြောက်တွေ

www.dhammadownload.com



ပြေသွားလိမ့်မယ်လို့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အာရုံပြုခြင်းအားဖြင့် ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်ခြင်းဆိုတာတွေ အားလုံး ပျောက်ကင်းသွားနိုင်ပါတယ်လို့ မြတ်စွာဘုရား ဒီလိုဟောလိုရင်း ဖြစ်ပါတယ်။

## အကျဉ်းချုပ်မှတ်ဖွယ်

အကျဉ်းချုပ် ပြောရမယ်ဆိုရင် ဒေဝ နဲ့ အသုရာစစ်ပွဲမှာ သိကြားမင်းကြီးက မင်းတို့ ကြောက်စိတ်ဝင်လာလို့ရှိရင် ငါ့ရဲ့ထိပ်ဖြားကို ကြည့်လိုက်ကြ၊ ကြောက်စိတ်ပြေလိမ့်မယ်၊ ငါ့အလံထိပ်ဖြားကို မမြင်ရဘူးဆိုရင် ပဇာပတိ နတ်မင်းကြီးရဲ့ အလံထိပ်ဖြားကို ကြည့်လိုက်၊ ပဇာပတိ နတ်မင်းကြီးရဲ့ အလံထိပ်ဖြားကို မမြင်ရဘူးဆိုရင် ဝရုဏနတ်မင်းကြီးရဲ့ အလံထိပ်ဖြားကို ကြည့်လိုက်၊ မင်းတို့ ကြောက်စိတ်ပြေလိမ့်မယ်၊ ဝရုဏနတ်မင်းကြီးရဲ့ အလံထိပ်ဖြားကို မမြင်ရဘူးဆိုလို့ရှိရင်

www.dhammadownload.com



ဤသာနနတ်မင်းကြီးရဲ့ အလံထိပ်ဖျားကို ကြည့်လိုက် ကြောက်စိတ်တွေ ပြေသွားလိမ့်မယ်။ တို့ရှေ့က မားမား မတ်မတ် သိကြားမင်းကြီးတို့၊ ပဇာပတိတို့၊ ဝရုဏတို့၊ ဤသာနတို့ ဒီနတ်မင်းကြီးတွေ ရှိနေပါလားလို့ စိတ်အားတွေ တက်လာလိမ့်မယ်လို့ သိကြားမင်းကြီးက ပြောတယ်။

အဲဒီစကားအရ သိကြားမင်းကြီးရဲ့ အလံထိပ်ဖျား ကြည့်လို့ဖြစ်စေ၊ ပဇာပတိ၊ ဝရုဏ၊ ဤသာန နတ်မင်းကြီးတွေရဲ့ အလံထိပ်ဖျားကို ကြည့်၍ဖြစ်စေ ကြောက်စိတ်ပြေချင်လည်းပြေမယ်၊ မပြေချင်လည်း မပြေဘူး။ ဘာဖြစ်လို့တုန်းဆိုရင် သိကြားမင်းကြီး ကိုယ်တိုင်ကိုက ကြောက်တတ်တယ်၊ ထွက်ပြေးတတ်တယ်။ သူ့မှာ ရာဂ မကင်းဘူး၊ ဒေါသ မကင်းဘူး၊ မောဟ မကင်းဘူး။

သင်ရဟန်းတို့ကို ငါဘုရားပြောမယ်၊ တိတ်ဆိတ်ရာ တောကျောင်းမှာ တစ်ဦးတစ်ယောက်တည်းနေလို့ ကြောက်စိတ်များ ဝင်လာလို့ရှိရင် ဘုရားဂုဏ်ကို

www.dhammadownload.com



အာရုံပြုလိုက်၊ ကြောက်စိတ် ပြေသွားလိမ့်မယ်၊ သို့မဟုတ်ရင် တရားဂုဏ်ကို အာရုံပြုလိုက် ကြောက်စိတ်ပြေသွားလိမ့်မယ်။ သို့မဟုတ်ရင် သံဃာ့ဂုဏ်ကို အာရုံပြုလိုက် ကြောက်စိတ်တွေ ပြေသွားလိမ့်မယ်၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး တစ်ခုခုကို အာရုံပြုလို့ ကြောက်စိတ်မပြေဘူးဆိုတာမရှိဘူး၊ ပြေကို ပြေရမယ်။ ဘာဖြစ်လို့လဲ ငါဘုရားကိုယ်တိုင်ကိုက ကြောက်တတ်တဲ့အရာ မရှိဘူး၊ ထွက်ပြေးတတ်တဲ့အရာ မရှိဘူး၊ ငါ့မှာ လောဘ၊ ဒေါသ၊ မောဟ ကင်းပြီးသား ဖြစ်တယ်လို့ ဇေဂ္ဂသုတ်ရဲ့ အနှစ်ချုပ်ဟာ အခုလို ဆိုလိုခြင်းဖြစ်ပါတယ်။

## နိဂုံးစကား

ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ ဟောဒီ ဇေဂ္ဂသုတ်ကို မိမိတို့ကိုယ်တိုင် ရွတ်ဖတ်၍ဖြစ်စေ၊ အကုန်လုံး မရသည့်တိုင်အောင်

www.dhammadownload.com



မှပဲ မြတ်စွာဘုရား ဟောတော်မူတဲ့ ဘုရားဂုဏ် **ဣတိပိသော၊** တရားဂုဏ် **သွာက္ခာတော ဘဂဝတော ဓမ္မော၊** သံဃဂုဏ် **သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။** ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်၊ ဟောဒီဂုဏ်တော်တွေကို နှလုံးသွင်း ဆင်ခြင်ခြင်းဖြင့် ထောက်တည်ရာမရတဲ့ ကောင်းကင်မှာတောင် ထောက်တည်ရာ ရနိုင်တယ်၊ ထောက်တည်ရာမရတဲ့ ရေပြင်မှာလည်းပဲ ထောက်တည်ရာရနိုင်တယ်၊ ဘေးရန် အန္တရာယ်ကနေ လွတ်မြောက်နိုင်တယ်။

ဒီအကျိုးကျေးဇူးတွေကို ခံစားခဲ့ရတဲ့ ပုဂ္ဂိုလ်တွေလည်း တကယ် လက်တွေ့အားဖြင့် ရှိခဲ့တယ်ဆိုတာတွေကို ယုံကြည်စွာ မှတ်သားပြီးတော့ ဒီ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်တို့ရဲ့ စွမ်းရည်သတ္တိကို ကြည်ညိုလေးစားသောအားဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်တွေကို ပွားများအားထုတ်၊ ပွားများအားထုတ်ခြင်းဖြင့် နောက်ဆုံးမှာ ဗုဒ္ဓ ဓမ္မ သံဃဂုဏ်တွေကို အာရုံ

www.dhammadownload.com



ပြုပြီးတော့ ရလာတဲ့၊ သတိရလာတဲ့ သမာဓိရဲ့ စွမ်းရည် သတ္တိနဲ့ ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်လိုက်မယ်ဆိုရင် နိဗ္ဗာန်ထိအောင် အကျိုးပြုသွားနိုင်တယ်။

ဗုဒ္ဓါနုဿတိဂုဏ်ဟာ အင်မတန်မှ ကြီးမားတဲ့ အရည်အချင်း ရှိတာကိုး။ ဗုဒ္ဓါနုဿတိဂုဏ်ကို ပွားများအားထုတ်ခဲ့တဲ့ သုဘူတိမထေရ်က တိုက်တွန်းစကားပြောကြားခဲ့ပုံကို မှတ်သားနာယူကြပြီး ဘာဝနာတွေထဲမှာ အကောင်းဆုံးဖြစ်တဲ့ ဗုဒ္ဓါနုဿတိကို ပွားပါလို့ သုဘူတိအလောင်းကို ရှေးဘုရားက တိုက်တွန်းခဲ့တယ်။

**ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊**

**ဘာဝနာနမနုတ္တရံ၊**

**ဗုဒ္ဓါနုဿတိံ ဘာဝယိတွာ၊**

**ပူရယိဿသိ မာနသံ။**

ဗုဒ္ဓါနုဿတိကို ပွားများအားထုတ်ခြင်းဖြင့် ဖြစ်ချင်တာတွေအားလုံး ဖြစ်လာနိုင်တဲ့ အနေအထားမျိုး ရှိပါတယ်လို့ ဒီလို သုဘူတိထေရ အပဒါန်မှာ လာတဲ့

www.dhammadownload.com



အတိုင်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်ကို ပွားများအားထုတ်ခြင်းဖြင့် နောက်ဆုံး နိဗ္ဗာန်ထိအောင် အကျိုးများကို ရရှိနိုင်တယ်ဆိုတာ ယုံကြည်မှတ်သားပြီး ဓမ္မပရိတ်တရားအတိုင်း လိုက်နာကျင့်ကြံကြိုးကုတ်အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

**Typing of Final Edition By-**
**Htet Naing San (I-D-E)**

www.dhammadownload.com

## ဓမ္မမိတ်ဆွေများသို့

ပါအောက်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံးမြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
မိုးကောင်းဘုရားဝင်းအတွင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(၄)၊ အခန်း(၅)၊ ရွှေဂုံတိုင်လမ်းမကြီး၊
တာမွေ Ocean Super Center နှင့် ရွှေဂုံတိုင်ဆေးရုံကြား၊ ဗဟန်း။
ဖုန်း ၀၉-၂၅၈၂၇၂၇၁၁၊ ၀၉-၇၆၄၆၇၆၄၆၀

www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

www.dhammadownload.com

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးမှာဝင့်ကြွေးများ
၅၂။ အထင်များ အမြင်မှား
၅၃။ မာတုပိဘဂ်သုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောဇ္ဈင်္ဂ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

www.dhammadownload.com


၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မမွှသံဝေဂနှင့် ဘဝဆည်းဆာ

www.dhammadownload.com


၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး

၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း

၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး

၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ

၁၁၀။ မွေးနေ့လက်ဆောင်

၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ

၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ

၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း

၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ

၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ

၁၁၆။ ဉာတပရိညာ

၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ

၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား

၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ

၁၂၀။ အားကိုးခြင်း

၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်

၁၂၂။ အတ္တဟိတ နှင့် ပရဟိတ

၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ

၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ

၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်

၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

www.dhammadownload.com


၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး

www.dhammadownload.com

၁၄၈။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျန်းမာသူများအတွက် အထူးနှလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်
၁၅၂။ မာလုကျပုတ္တရဟန်းအတွက် အလုပ်ပေးတရား
၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း
၁၅၄။ အတွေးများကို ဖယ်ရှားနိုင်ရမည်
၁၅၅။ မိလိန္ဒပဉှာ(ပထမတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၅၆။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်(ပထမတွဲ)
၁၅၇။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၃)
၁၅၈။ စာသင်စာချ ပြုကြသာသနာ
၁၅၉။ ဗုဒ္ဓသာသနာ၏ ဝိသေသလက္ခဏာများ
၁၆၀။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
၁၆၁။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၄)
၁၆၂။ မိမိကိုယ်တိုင် မိမိ၏ရန်သူ မဖြစ်ပါစေနှင့်
၁၆၃။ တိုင်းရေးပြည်ရေး မျှော်တွေးခြင်း
၁၆၄။ နှစ်သစ်မင်္ဂလာကို မေတ္တာဖြင့်ကြိုဆိုခြင်း
၁၆၅။ ဘဝအတွင်းမှ အမှောင် နှင့် အလင်းများ
၁၆၆။ လူတိုင်းအတွက် အမှန်တရား

www.dhammadownload.com

၁၆၇။ မဟာသာဝကကြီးတို့၏ စကားဝိုင်း
၁၆၈။ မိလိန္ဒပဉှာ(ဒုတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၆၉။ စိတ်စွဲလမ်းမှုကို အောင်နိုင်သူ
၁၇၀။ မိလိန္ဒပဉှာ(တတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၇၁။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၅)
၁၇၂။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်(ဒုတိယတွဲ)
၁၇၃။ Online ဓမ္မစာလွှာများ
၁၇၄။ ဝဋ္ဋသုတ် အနှစ်ချုပ်
၁၇၅။ အင်္ဂုလိမာလသုတ် အနှစ်ချုပ်
၁၇၆။ မောရသုတ် အနှစ်ချုပ်
၁၇၇။ ဓဇဂ္ဂသုတ် အနှစ်ချုပ်